


**စစ်မှန်တရားမျှတသော ငြိမ်းချမ်းရေးကိုလိုလားသည့် လူမှုကွန်ရက်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ၏ သဘောထားထုတ်ပြန်ချက်**

နေ့စွဲ။ ။ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၇ ရက်

၁။ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှ ပြန်လည်စတင်ဖြစ်ပွားခဲ့သော တပ်မတော်နှင့် KIO တို့အကြား လက်နက် ကိုင်ပဋိပက္ခများသည် ၂၀၁၃ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် နှစ်နှစ်တင်းတင်းပြည့်ခဲ့ပြီ ဖြစ်ပါသည်။ နှစ်နှစ်တာ ကာလအတွင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ အကြိမ်ပေါင်း ၁၀ ကြိမ်ထက်မနည်း တွေ့ဆုံဆွေးနွေးခဲ့ကြပြီး မေလ (၃၀) ရက်နေ့တွင် အချက် (၇) ချက်ပါ သဘောတူညီချက်တစ်စောင်ကို မြစ်ကြီးနားမြို့တွင် လက်မှတ်ရေးထိုး နိုင်ခဲ့ခြင်းပတ်သက်၍ ထင်သာမြင်သာရှိသော တိုးတက်ပြောင်းလဲမှုရလဒ်တစ်ရပ်အဖြစ် ငြိမ်းချမ်းရေးလိုလားသူ **လူမှုကွန်ရက်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ** အသိအမှတ်ပြု ဝမ်းမြောက်ကြိုဆိုပါသည်။

၂။ ယခုတစ်ကြိမ်ဆွေးနွေးပွဲတွင် ယခင်အကြိမ်များနှင့်မတူပဲ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို အထိုက်အလျောက် အလေးထားဆွေးနွေးမှုရှိလာခြင်း၊ အမျိုးသမီးအချို့အား ငြိမ်းချမ်းရေးဆွေးနွေးသည့်စားပွဲ တွင် ပါဝင်နေရာယူခွင့်ပေးလာခြင်းများကို အထူးသဖြင့် ထောက်ခံကြိုဆိုပြီး ရေရှည်တည်တံ့သော စစ်မှန်တရား မျှတသည့် ငြိမ်းချမ်းရေးအတွက် ထည့်သွင်းစဉ်းစားစေလိုသည့် အောက်ဖော်ပြပါအချက်များကို ယနေ့ ၂၀၁၃ ခုနှစ်၊ ဇွန်လ (၉) ရက်၊ ကချင်ဒေသတစ်ကျော့ပြန်စစ် နှစ်နှစ်ပြည့်မြောက်သော အခါသမယတွင် ငြိမ်းချမ်းရေးကို လိုလားသည့် လူမှုကွန်ရက် များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက သဘောထား ထုတ်ပြန်တင်ပြ တောင်းဆိုလိုက်ပါသည်။

(က) ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည် စစ်မှန်သော ဖယ်ဒရယ်စနစ်သို့ ဦးတည်ကြောင်း မြင်သာသေချာစေရန်

(ခ) ငြိမ်းချမ်းရေးဆွေးနွေးနေစဉ်ကာလအတွင်း အပြစ်မဲ့ပြည်သူများ ၏ လူမှုဘဝ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် စစ်မဲ့ဇုန် (မိုင်းကင်းမဲ့ဇုန်) များ သတ်မှတ်ဖန်တီးပေးထားပြီးသည့်နောက် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များကို စစ်ရေးအမြင်ဖြင့် မကြည့်ဘဲ အခြေခံလူ့အခွင့်အရေးနှင့် စံနှုန်းများအတိုင်း ချွင်းချက်မရှိ ပွင့်လင်းမြင်သာစွာ ရရှိနိုင်ရန်အတွက် ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်ပေးရန်

(ဂ) ငြိမ်းချမ်းရေးဖော်ဆောင်သည့် ဖြစ်စဉ်တိုင်းတွင် တိုင်းရင်းသားလူထုအခြေပြု အရပ်ဘက်လူမှုအဖွဲ့ အစည်းများ၊ အမျိုးသမီးများအရေး ဆောင်ရွက်နေသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ နှင့် အခြားအရပ် ဘက်လူမှုအဖွဲ့အစည်း/ကွန်ရက်များ တို့၏ အခန်းကဏ္ဍကို တရားဝင်ရှင်းလင်းစွာ ပြဌာန်းဖော်ဆောင်ပေးရန်

(ဃ) နိုင်ငံရေးအရဆွေးနွေးသဘောတူညှိနှိုင်းမှုများကို တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီနှင့် ၂၀၁၃ခုနှစ် ဖေဖော်ဝါရီလတွင် ဆွေးနွေးသဘောတူထားသည့် အချက်များနှင့်အညီ အမြန်ဆုံးအကောင်အထည် ဖော်ဆောင်ရွက်ရန်

(င) စစ်မှန် တရားမျှတသော ငြိမ်းချမ်းရေးကို အာမခံချက်ပေးနိုင်သည့် နိုင်ငံရေးဆွေးနွေး ညှိနှိုင်းသဘောတူညီမှုများ မရရှိသေးသရွေ့၊ ဒေသခံ ပြည်သူလူထုအား ကောင်းမွန်စွာ လုံလောက်စွာ အသိပေး တိုင်ပင်ညှိနှိုင်းသဘောတူညီမှုများ မရှိဘဲ ဒေသဖွံ့ဖြိုးရေး အကြောင်းပြချက်ဖြင့် ပြင်ပမှ မည်သို့ စီးပွားရေး ရင်းနှီးမြုပ်နှံမှုမျိုးမှ ခွင့်ပြုခြင်း၊ စတင်ဆောင်ရွက်ခြင်းမပြုရန်

(စ) ရေရှည်အာမခံချက်ပေးနိုင်သည့် ငြိမ်းချမ်းရေး သဘောတူညီချက် တစ်စုံတစ်ရာ ရရှိပြီးသည့်နောက် စစ်ဘေးရှောင်စခန်းများမှ ဒုက္ခသည်များအား ပြန်လည်နေရာချထားရေး လုပ်ငန်းများ လုပ်ဆောင်လာသည့်အခါ စစ်ဘေးကြောင့် နေရပ်စွန့်ခွာခဲ့ရသည့် ဒုက္ခသည်များနှင့် ဒေသခံပြည်သူ များ၏ အိုးအိမ်၊ မြေယာနှင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို မြန်မာနိုင်ငံပါဝင်လက်မှတ်ရေး ထိုးထားသော ဂျီနီဗာကွန်ဗင်းရှင်းအပါအဝင် အပြည်ပြည်ဆိုင်ရာ ဥပဒေများတွင် ပြဌာန်းပါရှိသည့် စံချိန်စံညွှန်း များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လေးစား လိုက်နာပါမည့်အကြောင်း ကြိုတင်ထည့်သွင်းဆွေးနွေးရန်

(ဆ) ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်တစ်ခုလုံးအား စောင့်ကြည့်လေ့လာအကဲဖြတ်နိုင်ရန်နှင့် တွေ့ဆုံဆွေးနွေး ပွဲများ ပြုလုပ်စဉ်ကာလတစ်လျှောက်လုံး ဘက်ညီသော ဆွေးနွေးညှိနှိုင်းမှုများ ဖြစ်စေရန် ကောင်းစွာအထောက် အကူပေးနိုင်ပြီး တိကျသေချာရေရာသည့် ရလဒ်ကောင်းများ ထွက်ပေါ်လာစေရန် ဘက်မလိုက်သော ကုလသမဂ္ဂနှင့် နိုင်ငံတကာကို ကိုယ်စားပြုသည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းများ၊ အမျိုးသမီးများပါ ပါဝင်သော လူမှုကွန် ရက်၊ အရပ်ဘက်လူမှု

အဖွဲ့အစည်းကိုယ်စားလှယ်များ၊ ပဋိပက္ခဖြစ်ပွားရာဒေသမှ တိုင်းရင်းသားပြည်သူလူထု ၏အသံကို ကိုယ်စားပြု ဖော်ပြနိုင်သော ဒေသခံပြည်သူ့ကိုယ်စားလှယ်များ သုံးဦးသုံးဖလှယ်ပါဝင်သည့် ငြိမ်းချမ်းရေးဖြစ်စဉ် စောင့်ကြည့် လေ့လာသုံးသပ်အကြံပြုရေးအဖွဲ့ကို ထားရှိရန်

(၉) ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုလုံးအတွက် ဥရောပသမဂ္ဂအပါအဝင် နိုင်ငံတကာမှ–ပြည်တွင်းငြိမ်းချမ်းရေးအတွက်ရရှိသည့် ပံ့ပိုးကူညီမှုများကို ပေးနေသော အလှူရှင်များမှ မိမိတို့၏လုပ်ဆောင်ချက်များနှင့် ပတ် သက်ပြီး တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်အဝရှိသည့် ပွင့်လင်းမြင်သာသောငွေကြေးစီးဆင်းမှုများ ဖြစ်စေရန် သေချာစွာ ကြပ်မတ်လုပ်ဆောင်ရန်

## စစ်မှန်တရားမျှတသည့် ငြိမ်းချမ်းရေးကိုလိုလားသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ

1. ရန်ကုန်-လိုင်ဇာငြိမ်းချမ်းရေးလမ်းလျှောက် လူငယ်များအဖွဲ့
2. Safety Net
3. ကချင်ငြိမ်းချမ်းရေးကွန်ရက်
4. ငြိမ်းချမ်းရေးကွန်ရက်
5. မြန်မာ့အရေးဆောင်ရွက်သူများ- Burma Partnership
6. Equality Myanmar
7. ကချင်အမျိုးသမီးများ ငြိမ်းချမ်းရေးကွန်ရက်
8. COMREG
9. Gender and Development Initiative-Myanmar
10. Myanmar Youth Empowerment Programme
11. Pray for Myanmar
12. All Kachin Student and Youth Union (AKSYU)
13. Kachin Women Union
14. Development Workers' Network Group (Kachin)
15. Kachin Legal Aid Network
16. Mungchying Rawt Jat Organisation
17. ရောဂါတီမြစ်ဆုံတန်ဖရဲဒေသခံများ
18. Ningtawn Kachin Education Support Group
19. Htoi Development Organisation
20. Kindness Women
21. Mizzima youth network
22. Youth resource development program (Myanmar)
23. Peace machine
24. ပန်းပျိုးလက်
25. Pray for myanmar youth network
26. IFI Watch Group
27. Voice of Women
28. Human Right Defenders and Promoters